## (၂) ဘက်တီးရီးယားထောင့်ကွက်/ရွက်ခြောက်ရောဂါ (Angular leaf spot/ Bacteria leaf blight)

**ရောဂါဖြစ်စေသောသက်ရှိ : *Xanthomonas axonopodis* pv. *malvacearum***

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင်ထောင့်ပါသော အညို/အနက်ရောင် ရေစိုနာကွက်များ ဖြစ်ပေါ်သည်။ ပြင်းထန်ပါကရောဂါကွက်များပေါင်းစပ်သွားပြီးခြောက်သွားကာ အရွက်ကြွေသွားသည်။ အရွက်ရိုးတံအထိ ရောဂါကူးစက်သွားပြီးအမဲရောင်ပြောင်းသွားသည်။ အသီးတွင်လည်း ရေစိုနာအကွက်များတွေ့ရသည်။ နောက်ပိုင်းတွင် အညိုရောင်(သို့) အနက်ရောင် ရောဂါကွက်ဖြစ်လာပြီး အနည်းငယ်ချိုင့်ဝင်နေသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ဝါသီးနှံပင်၏ ကြီးထွားမှုအဆင့်တိုင်းတွင်ရောဂါကျရောက်နိုင်သည်။
- ပူနွေးစွတ်စိုသောရာသီဥတုအခြေအနေ၊ စိုထိုင်းစများသောအခြေအနေသည် ရောဂါဖြစ်စေမှုကိုအားပေးသည်။
- ခံနိုင်ရည်ရှိသော မျိုးများကိုသုံးပါ။
- ပင်ကြွင်းပင်ကျန်များအား ဖျက်ဆီးပစ်ပါ၊ မီးရှို့ပစ်ပါ။

- Copper (ကော့ပါး) ပါဝင်သောဆေး၊ Bismerthiazol (ဗစ်မာသီယာဇိုးလ်)၊ Kasugamycin (ကာစူဂါမိုင်စင်) စသောဆေးများ ဖျန်းပါ။